EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၄

မတ် ၅ ရက်၊ ၂၀၁၉

## ဖခင်၏မှတ်ပုံတင်မပြနိုင်သော်လည်း မွေးစာရင်းပြုလုပ်ခွင့်ပေးမည်

ဖေဖော်ဝါရီ ၂၇၊ ၂၀၁၉

Single mother များ ကလေးမွေးဖွားမည်ဆိုပါက အကြောင်းအမျိုးမျိုးကြောင့် ကလေးအဖေမှတ်ပုံတင်မပြနိုင်သည့်အတွက် ကလေးမွေးစာရင်းရရှိရန် ခက်ခဲနေကြောင်း မွန်ပြည်နယ် အမျိုးသမီးနှင့်ကလေးသူငယ်များအခွင့်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

ယနေ့ကျင်းပသည့် မွန်ပြည်နယ်လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)တွင် ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်၍ မွေးစားရင်းပြုလုပ်ပေးမှု အခြေအနေကို မေးမြန်းရာ၌ ဆက်စပ်ပြောဆိုခဲ့ခြင်းဖြစ်သည်။

အစမ္ဘပြုကျင့်ခံရသည့် အမျိုးသမီးများ၊ လိင်လုပ်သားများ၊ စွန့်ပစ်ခံထားရသည့် အမျိုးသမီးများအနေဖြင့် ရရှိလာသော ကိုယ်ဝန်ကိုမွေးဖွားမည်ဆိုပါက အကြောင်းအမျိုးမျိုးကြောင့် ကလေးအဖေ၏ မှတ်ပုံတင်မိတ္တူကိုမပြသနိုင်သည့်အတွက် ကလေးမွေးစာရင်းမရကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ဆိုသည်။

"မတော်တဆပဲဖြစ်ဖြစ် ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကလေးမွေးလိုက်တယ် ကလေးအဖေနာမည်ကို ပြောချင်တဲ့သူရှိတယ် မပြောချင်တဲ့သူရှိတယ်။ သို့သော် ကလေးမွေးစာရင်းရဖို့က အဲဒါအဓိကအချက်ဖြစ်နေတယ် ကလေးတစ်ယောက်ရှင်သန်ဖို့ ကလေးတစ်ယောက်ရဲ့အခွင့်အရေးတွေရဖို့အတွက်က ကလေးအဖေမှတ်ပုံတင်က အဲဒီလောက်အရေးကြီးနေလား"ဟု ဒေါ်ခိုင်ခိုင်လဲ့က ဆိုသည်။

ကလေးသူငယ်များ အခွင့်အရေးအရ မွေးဖွားလာသောကလေးများ၏ ရပိုင်ခွင့်သည် မွေးစားရင်းဖြစ်ကြောင်း၊ မွေးစာရင်း


ဓာတ်ပုံ-ဒေါ်ခိုင်ခိုင်လဲ့

မရှိပါက မှတ်ပုံတင်ပြုလုပ်ရာတွင် အခက်အခဲရှိကြောင်း၊ မှတ်ပုံတင်မရှိပါက ကလေးငယ်ကို သန်းခေါင်းစာရင်းထဲ ထည့်သွင်း၍ မရကြောင်းနှင့် ကလေးပညာရေးကိုပါထိခိုက်နိုင်ကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

ဒေါ်ခိုင်ခိုင်လဲ့၏မေးခွန်းကို မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနရုံးရှေ့တွင် ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က ပြန်လည်ဖြေကြားရာတွင် ရှင်းလင်းတိကျသည့်အဖြေမရ၍ ၎င်းက ထပ်မံဆွေးနွေးမေးမြန်းရာ ကလေးသူငယ်များ မွေးစာရင်းပြုလုပ်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဖခင်၏နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိနိုင်ခြင်းနှင့် ဖခင်အမည်အား မဖော်ပြလိုသူများအတွက် ဖခင်အမည်နေရာတွင် ကွက်လပ်ထား၍ မွေးစားရင်းပြုလုပ်ခွင့်ရရှိမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရက ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကတိပြုခဲ့သည်။

(ကိုးကား- သံလွင်တိုင်းမ်၊ The Irrawady-Burmese Edition)

## သတင်းတို

● ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်၊ ဦးကျော်ရွှေ (တန့်ဆည်-၁) က စစ်ကိုင်းတိုင်းဒေသကြီး ကုသိုလ်ဖြစ်ဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများဆိုင်ရာဥပဒေ(မူကြမ်း)ကို တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက လက်ခံဆွေးနွေးရန် သဘောတူညီခဲ့ပြီး လွှတ်တော်က ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းခဲ့သည်။ အဆိုပါဥပဒေ(မူကြမ်း)သည် တိုင်းဒေသကြီး အတွင်းရှိ ကုသိုလ်ဖြစ်ဆေးရုံ၊ ဆေးခန်းနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန်နှင့် ဗဟိုချုပ်ကိုင်မှုကို ဖြေလျော့ပြီး တိုင်းဒေသကြီးအစိုးရကို လုပ်ပိုင်ခွင့်ရစေရန် ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

(ကိုးကား- ချင်းတွင်းအသံ)

● ဖေဖော်ဝါရီ ၂၆ ရက်နေ့က ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် 'အထူးကိစ္စရပ်များ၊ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာကော်မတီ'ကို ဖွဲ့စည်းခဲ့သည်ဟု သိရသည်။ အဆိုပါကော်မတီတွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၈) ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂) ဦး စုစုပေါင်း ကော်မတီဝင် (၁၀) ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

(ကိုးကား- ချင်းတွင်းအသံ)

# ချင်းပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ရာထူးမှမနုတ်ထွက်လျှင် စွပ်စွဲပြစ်တင်၍ တာဝန်မှရပ်စဲရန် ညွှန်ကြားထားဟုဆို

**မတ် ၃၊ ၂၀၁၉**

ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းသည် ပါတီမှညွှန်ကြားသည့်အတိုင်း ရာထူးမှနုတ်ထွက်ခြင်းမရှိပါက စွပ်စွဲပြစ်တင်၍ တာဝန်မှရပ်စဲရန် ညွှန်ကြားထားကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ဗဟို)က ဖေဖော်ဝါရီ ၇ ရက်တွင် ဦးအောင်သန်းကို ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ရန် ညွှန်ကြားထားပြီး ယမန်နေ့အထိ နုတ်ထွက်စာတင်ခြင်း မရှိသေးကြောင်း ၎င်းက ရှင်းပြသည်။

"သူ့အနေနဲ့နုတ်ထွက်ခွင့်ရေးထိုးဖို့ရှိတာ ကျွန်တော်က ဘာမှမသိရဘူး။ ပါတီအပေါ်ကပဲ လုပ်တာဆိုတော့"ဟု ဦးဇိုဘွဲ့ကဆိုသည်။

ဦးအောင်သန်းကို ပါတီက ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ရန် နောက်ဆုံးအကြိမ် သတိပေးကြောင်း သိရှိရခြင်းကြောင့် ယင်းသို့သတိပေးခြင်းနှင့်ပတ်သက်၍ ခိုင်မာသော အကြောင်းရင်းများကို မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်ရေး ထုတ်ပြန်ချပြပေးရန် မင်းတပ်မြို့နယ် မဲဆန္ဒရှင် ၁၀ ဦး



**ချင်းပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌကို တွေ့ရစဉ်။ (ဓာတ်ပုံ-Chin World)**

က လက်မှတ်ရေးထိုး တောင်းဆိုထားသည်။

ချင်းပြည်နယ်မှာ ဝန်ကြီးချုပ်ဦးဆောင်တဲ့ အစိုးရအဖွဲ့ရှိတယ်။ လွှတ်တော်မှာဆို ဥက္ကဋ္ဌဦးဆောင်တဲ့ လွှတ်တော်ရှိတယ်။ ဒီလိုအခြေအနေမှာ ပါတီကကြားဝင်တာက ဒီမိုကရေစီနည်း လမ်းမကျဘူး။ ရှေ့မှာတုန်းက စည်ပင်ဝန်ကြီးကို နုတ်ထွက်ခိုင်းတယ်။ အဲဒီဝန်ကြီးဆို ချင်းပြည်နယ်မှာ အလုပ်လုပ်ဆုံးပဲ။ အဲဒီလိုအမှားမျိုး ထပ်ဖြစ်မှာစိုးလို့ မဲဆန္ဒရှင်တွေကိုယ်စား တောင်းဆိုထားတာ"ဟု လက်မှတ်ရေးထိုး တောင်းဆိုခဲ့သူ ဆလိုင်းရှယ်အောင်က ပြော သည်။

မင်းတပ်မဲဆန္ဒရှင်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်၊ ဝတ္တရားများ လစ်ဟင်းအားနည်းမှုကြောင့် နုတ်ထွက်စေမည်ဆိုပါက ယင်းကိုယ်စားလှယ်ကို ရှုတ်ချမည်ဖြစ်ပြီး အကယ်၍ အကြောင်းရင်းမခိုင်လုံဘဲ နုတ်ထွက်စေမည်ဆိုပါက ကိုယ်စားလှယ်ဘက်က မားမားမတ်မတ်ရပ်တည်မည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်၊ ဒီချုပ်ပါတီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဇော်မြင့်မောင်နှင့် ပါတီဗဟိုသို့ ပေးပို့သော အကြောင်းကြားစာ၌ ဖော်ပြထားသည်။

လူမှုကွန်ရက်၌ ထွက်ပေါ်နေသော ဒေါက်တာဇော်မြင့်မောင် လက်မှတ်ရေးထိုးထားသည့် ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးအောင်သန်းထံ နောက်ဆုံးသတိပေးစာတွင် ဖေဖော်ဝါရီ ၇ ရက်တွင် ရာထူးမှနုတ်ထွက်မည်ဟု ဗဟိုအလုပ်အမှုဆောင်များရှေ့၌ ကတိပြုခဲ့သည့်အတိုင်း နုတ်ထွက်ရန်နှင့် ဖေဖော်ဝါရီ ၂၃ ရက်အထိ နောက်ဆုံးထား နုတ်ထွက်ခြင်းမရှိပါက လွှတ်တော်အတွင်း ပြစ်တင်ရှုတ်ချ နုတ်ထွက်စေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**(ကိုးကား- http://www.7daydaily.com)**

# တပ်မတော်ကတင်သွင်းသည့်အဆို ရခိုင်ပြည်နယ်လွှတ်တော်တွင် ရှုံးနိမ့်

**ဖေဖော်ဝါရီ ၂၀၊၂၀၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူလူထုအနေနှင့် တပ်မတော်၏လုပ်ဆောင်ချက်များအပေါ် ဝိုင်းဝန်းကူညီပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ပြည်နယ်အစိုးရကို တိုက်တွန်းကြောင်းအဆို ရခိုင်ပြည်နယ်လွှတ်တော်တွင် ရှုံးနိမ့်သွားခဲ့သည်။

အဆိုကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်ဦးမောင်က တင်သွင်းခဲ့ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးကျော်မင်းသန်းက ထောက်ခံဆွေးနွေးခဲ့သည်။

အဆိုကို လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ဆန္ဒရယူရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်မသင့်ကြောင်း ကန့်ကွက်ခဲ့သည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ခံယူရာ လွှတ်တော်တက်ရောက်သည့် ကိုယ်စားလှယ် ၃၅ ဦးအနက် ဆန္ဒပြုခွင့်ရှိသူ ၃၄ ဦးတွင် ထောက်ခံသူ ၁၁ ဦး၊ သဘောမတူသူ ၂၂ နှင့် ကြားနေ ၁ ဦးရှိခဲ့သည့်အတွက် အဆိုရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုရှင်ဗိုလ်မှူးသက်ဦးမောင်က ဘင်္ဂါလီတွေ အကြမ်းဖက်သူများ၏ သတ်ဖြတ်ခံရ၍ ရခိုင်တိုင်းရင်းသားများနှင့် တပ်မတော်သားများ သေဆုံးမှုရှိခဲ့သည့်အကြောင်း အဆိုတင်သွင်းရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင် အေအေလက်နက်ကိုင်အဖွဲ့သည် ရခိုင်ပြည်ကာကွယ်ရေးခေါင်းစဉ်အမျိုးမျိုးတပ်ကာ ရခိုင်တိုင်းရင်းသားများ၏ မျိုးချစ်စိတ်ကိုအသုံးချပြီး Arakan Dream ၂၀၂၀ ရက္ခိတလမ်းစဉ် စသည့်ကြွေးကြော်သံများနှင့်အတူ ပြည်ထောင်စုမှ ခွဲထွက်ရေး၊ သီးခြားနိုင်ငံထူထောင်ရေး ရည်ရွယ်ထားသည်ဟုလည်း အဆိုရှင်က ပြောကြားခဲ့သည်။ **(ကိုးကား-http://burmese.dvb.no)**


# ရန်ကုန်တိုင်းဝန်ကြီးချုပ်၏ မဲဆန္ဒနယ်မြေ ဘတ်ဂျက်ပိုမိုရရှိနေ

**ဖေဖော်ဝါရီ ၂၈၊ ၂၀၁၉**

ရန်ကုန်စည်ပင်ပြင်ပနယ်နိမိတ် ၁၂ မြို့နယ်အနက် ဝန်ကြီးချုပ်၏ မဲဆန္ဒနယ်ဖြစ်သည့် လှည်းကူးမြို့နယ်သည် ဘတ်ဂျက် ပိုမိုရရှိနေကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ (ဒဂုံ-၂) ထောက်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)နှင့် စပ်လျဉ်းပြီး ဦးကျော်ဇေယျက ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ဘတ်ဂျက်ကို အကြမ်းဖျင်းဆွေးနွေးစဉ်က လှည်းကူးမြို့နယ်အတွက် များနေကြောင်း ပြောခဲ့သော်လည်း တစ်ပြားမှမလျှော့ခဲ့ဟု ဆိုသည်။

ထို့ပြင် စည်ပင်သာယာရေးအတွက် လှည်းကူးမြို့နယ်တွင် ကျပ်သန်း ၆၈၀ သုံးကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် စည်ပင်ပြင်ပမြို့နယ်နှင့် အတွင်းမြို့နယ်များအား ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည်ဟု အစိုးရကဆိုသော်လည်း လက်တွေ့တွင်မညီမျှဖြစ်နေကြောင်း ၎င်းက ပြောသည်။



**လွှတ်တော်တွင်တင်ပြခဲ့သည့် မြို့နယ်များ၏ ဘတ်ဂျက်ခွဲဝေမှုအခြေအနေများကို တွေ့ရစဉ်။**

"မြို့နယ်အကျယ်အဝန်းကို မှုတည်တာလား၊ အိမ်ခြေကို မှုတည်တာလား၊ လူဦးရေကိုမှုတည်ပြီး ပေးနေတာလား၊ အရင်အပတ်တုန်းက LED မီးလုံး ၁၁ မြို့နယ် ဝေတာတောင် လှည်းကူးမြို့နယ် အများဆုံး။" ဟု ဦးကျော်ဇေယျက ပြောကြားသည်။

ကျေးလက်လမ်းအတွက် ဘတ်ဂျက်တွင်လည်း လှည်းကူးမြို့နယ်သည် အများဆုံးဖြစ်ကြောင်း၊ စည်ပင်သာယာရေး ငွေလုံးငွေရင်းတွင်လည်း လှည်းကူးမြို့နယ် သည် အများဆုံးသုံးကြောင်း ၎င်းက ပြောသည်။

ဖြည့်စွက်ဘတ်ဂျက်၊ မူလဘတ်ဂျက်များအား အသုံးပြုမည်ဆိုပါက မြို့နယ် ၄၅ မြို့နယ်အား ဟန်ချက်ညီအောင် အသုံးပြုသင့်သည်ဟု ဆိုသည်။ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည် (မရမ်းကုန်း-၂) က "ဘတ်ဂျက်အနေ အထားအရ လက်ခံရမယ် ဆိုပေမယ့် ဦးကျော်ဇေယျ တင်ပြသလို မြို့နယ်အလိုက် သင့်တင့်မျှတတဲ့ ဘတ်ဂျက်နဲ့ လုပ်ငန်းအရေ အတွက်တွေ ဖြစ်သင့်တယ်လို့ အကြံပြုတင်ပြအပ်ပါတယ်"ဟု ထောက်ခံ ပြောကြားသည်။

**(ကိုးကား:-https://news-eleven.com)**

---

# မေးခွန်းနှင့်အဆိုများအပေါ် အစိုးရကအလေးမထား၍ လွှတ်တော်အမတ် စိတ်မကောင်းဖြစ်

**မတ် ၂၊ ၂၀၁၉**

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးသည့် မေးခွန်းနှင့်အဆိုများကို တိုင်းအစိုးရက အလေးထားဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းက ပြောသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအပြီး ဒေါ်မြင့်မြင့်စန်းက မီဒီယာများအား ပြောကြားသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့နေရသူဖြစ်ပြီး ပြည်သူတို့၏သောက၊ ဒုက္ခ၊ ဒေါသများကို တိုက်ရိုက်ခံစားရသူများဖြစ်ကြောင်း ၎င်းက ပြောသည်။

လွှတ်တော်၌မေးခွန်းမေးမြန်းသည့်အခါတွင် မေးခွန်းကို ဖြေဆိုရမည့်သူမဟုတ်ဘဲ ဖြေဆိုခြင်း၊ မေးခွန်းနှင့် အဖြေလွဲခြင်း၊ ပြန်လည်ဖြေကြားမည်ဆိုသည့် မေးခွန်း များ မဖြေကြားတော့ခြင်း၊ အချိန်သတ်မှတ်ဆောင်ရွက်ပေးမည်ဆိုသည့် ကတိများ မဆောင်ရွက်ပေးခြင်းတို့ကို ကြုံတွေ့နေရသည်ဟု ဒေါ်မြင့်မြင့်စန်းက ရှင်းပြသည်။

၎င်းသည် ဒီချုပ်ပါတီကိုယ်စားပြု ဝါးခယ်မမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ တိုင်းလွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။ ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်စာတင်ကာ တိုင်းလွှတ်တော်အစည်းအဝေး (၁၃) ကြိမ်မြောက်မှ (၁၅) ကြိမ်မြောက်အထိ မတက်ရောက်ဘဲနေသူလည်းဖြစ်သည်။

၎င်း၏နုတ်ထွက်စာကို လုပ်ထုံးလုပ်နည်းများနှင့်မညီဟုဆိုကာ တိုင်းဒေသကြီးလွှတ်တော်က လက်မခံသကဲ့သို့ ကာယကံရှင် ဒေါ်မြင့်မြင့်စန်းကိုယ်တိုင် ဒေသခံပြည်သူများအတွက် လိုအပ်၍ လွှတ်တော်ပြန်တက်မည်ဟုဆုံးဖြတ်ခဲ့ကြောင်း ဖြေကြားထားသည်။

၎င်းသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်း ၅၂ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၃ ခုနှင့်အဆို ၁၆ ခု မေးမြန်းဆွေးနွေးထားသူ ဖြစ်သည်။ ဒေါ်မြင့်မြင့်စန်း၏ အထက်ပါ သုံးသပ်ချက် နှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးဝင်းငွေးက "ကျွန်တော်တစ်ဦးချင်းအနေနဲ့တော့ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လွှတ်တော်ဥက္ကဋ္ဌဆီကို ပေးပို့တာတွေရှိပါတယ်။ တကယ်တော့ ဒါဟာ ဆောင်ရွက်သင့်တဲ့အရာပါ" ဟု မှတ်ချက်ပြုသည်။

**(ကိုးကား:-http://www.7daydaily.com)**